# အခြေခံ

# ဗမာဖတ်စာ

၁

# အ ခြေ ခံ

# ဗ မာ ဖတ် စာ

## ပ ထ မ အုပ်

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန

၁၉၇၀

ဒုတိယအကြိမ် ပုံနှိပ်ခြင်း

၁၉၇၀ - ဇူလိုင်လ

## ဗမာဖတ်စာ ပထမအုပ် လေ့လာသူများသို့

ဤ "အခြေခံ ဗမာဖတ်စာ" ပထမအုပ်မှာ အရှေ့မြောက်ပိုင်းစစ်ဒေသတွင် ထုတ်ဝေခဲ့ပြီး ဖြစ်ကြသော အခြေခံမူလတန်း ဗမာဖတ်စာအုပ်များကို စုစည်းပြီး လွှတ်မြောက်သည့်ဒေသရှိ စာသင်ကျောင်းများအတွက် ထပ်မံရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ပြည်သူ့တပ်မတော်အတွင်းတွင်ဖြစ်စေ၊ စာသင်ကျောင်းများတွင်ဖြစ်စေ၊ ဗမာစာကိုယ်စီလေ့လာသူများဖြစ်စေ သင်ယူလေ့လာနိုင်ပါသည်။ မတူသောအခြေအနေ၊ မတူသောအသက်အရွယ် စသည်တို့အလိုက် သင်ပုံသင်နည်းနှင့် လေ့ကျင့်ခန်းများ ထပ်မံဖြည့်စွက်ခြင်း ပြုလုပ်သင့်ပါသည်။ ဤစာအုပ်တွင်မူ စာမျက်နှာ အကန့်အသတ်ရှိသည့်အတွက် အဓိကစာလုံးပေါင်းနှင့် စာကြောင်းစာပိုဒ်များကိုသာ ထည့်သွင်းဖော်ပြနိုင်ပါသည်။

ဤစာအုပ်ကို အသုံးပြုသောအခါတွင် အထောက်အကူရစေရန် သင်နည်းအတွေ့အကြုံတချို့ကို ဖော်ပြလိုပါသည်။

၁။ ကကြီးရေးချကာ = ကာ

၂။ က + အာ = ကာ

ဟူ၍ အခြေခံသင်နည်း နှစ်မျိုးရှိပါသည်။

ထို့ကြောင့် က + အာ = ကာ ဆိုသောနည်းနှင့် ─၊ ─ါ၊ ─ါး ပုံစံအတိုင်း လေ့လာသင်ယူပါက ဗမာစာအခြေခံကို လွယ်လွယ်နှင့် တတ်လာနိုင်ပါ

သည်။ သို့သော် စာလုံးပေါင်း ကျွမ်းကျင်တတ်မြောက်မှုတွင် အားနည်းစေတတ်ပါသည်။

ကကြီးရေးချကာ ဆိုသောနည်းနှင့် လေ့လာသင်ယူပါက စာလုံးပေါင်းမှတ်သားနိုင်မှုတွင် ပိုပြီးအထောက်အကူ ရရှိနိုင်ပါသည်။


က + အာ = ကာ ဆိုသောနည်းနှင့် —၊ —ါ၊ —ါး ပုံစံအတိုင်း အခြေခံရအောင် လေ့လာသင်ကြားပြီး၊ သင်ခန်းစာ (၁၀) လောက်မှ စကာ ကကြီးရေးချကာဆိုသော စာလုံးပေါင်းနည်းနှင့် ဆက်လက်ပေါင်းစပ် လေ့လာသင်ယူလျှင် အရေးအဖတ်ကို လွယ်ကူတတ်မြောက်နိုင်ပါသည်။

ဤဗမာဖတ်စာ ပထမအုပ်တွင် သင်ခန်းစာပေါင်း (၂၀) ရှိပါသည်။ ၎င်းသင်ခန်းစာများ ပြီးဆုံးသော ကျောင်းသားတယောက်အတွက် ဗမာစာ စာရေး စာဖတ် အခြေခံသင်ပုန်းကြီး တတ်မြောက်ပြီဖြစ်ရာ ဗမာစာကို အတော်အတန် ဖတ်ရှုနိုင်သောအဆင့်သို့ ရောက်ပြီဟုယူဆပါသည်။

ဤစာအုပ်တွင်ပါရှိသော စာလုံးများ၊ စာပိုဒ်များ၊ စာအထားအသိုများနှင့် ပတ်သက်၍ ရဲဘော်များထံမှ ဝေဖန်ချက်များ၊ အကြံပေးချက်များနှင့် ဖြည့်စွက်ချက်များ ပေးစေလိုပါသည်။ သို့မှသာ နောင်တွင် ပိုမိုပြည့်စုံ ကောင်းမွန်သော ဖတ်စာ စာအုပ်များ ထပ်မံပြင်ဆင်ထုတ်ဝေနိုင်မည် ဖြစ်ပါသည်။

ဘာသာပြန်နှင့် စာပုံနှိပ်ဌာန

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |



# သင်ခန်းစာ (၁)

| | | | | |
|---|---|---|---|---|
| က | ည | ထ | လ | မ |
| အက | တလ | ဗလ | ဘဝ | မမ |
| ညက | ဘဘ | အဖ | အစ | အမ |
| အခ | ခဏ | အဝ | အဘထ | မမထ |
| ညတည | ပထမ | အစက | ခဏထ | မမက |
| တခဏ | အတတ | ခဏခဏ | တစတစ | မဝတဝ |



အက




လ

# သင်ခန်းစာ (၂)


| | | |
|---|---|---|
| — | —ာ | —ား |
| — | —ါ | —ါး |


| | | | | | |
|---|---|---|---|---|---|
| အ | အာ | အား | ခ | ခါ | ခါး |
| က | ကာ | ကား | င | ငါ | ငါး |
| န | နာ | နား | ပ | ပါ | ပါး |
| လ | လာ | လား | ဝ | ဝါ | ဝါး |



ငါး

ဓား





ခရာ

စပါး



| | | | |
|---|---|---|---|
| စာ | ဆား | ကား | ဝါး |
| လား | နား | ဆရာ | တရာ |
| ပညာ | အာဏာ | စကား | ရထား |
| အစား | အသား | စားမလား | ဆာသလား |
| လာစားပါ | အားကစား | ကစားစရာ | အစားအစာ |

လာပါ။
နားပါ။
ခဏလာပါ။
ခဏနားပါ။

လာသလား။
အားသလား။
ဆရာမ လာသလား။
ဆရာ အားသလား။

ဆာသလား။
လာစားပါ။
အားမနာရပါ။
ဝဝစားပါ။


ညအခါ၊
လ သာသလား။
ကစားမလား။
လာသာလာပါ။

# သင်ခန်းစာ (၃)


—ိ　　—ီ　　—ီး　　၏

—ည့်　　—ည်　　—ည်း　　ဤ


| | | | | | |
|---|---|---|---|---|---|
| အိ | အီ | အီး | စည့် | စည် | စည်း |
| စိ | စီ | စီး | နည့် | နည် | နည်း |
| ဆိ | ဆီ | ဆီး | မည့် | မည် | မည်း |
| တိ | တီ | တီး | လည့် | လည် | လည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |




မီး



ထီး



နာရီ



အသီး

| | | | |
|---|---|---|---|
| ဆီ | ဘီး | ပါတီ | အနီ |
| ဇာတိ | မိဘ | မီးသီး | သတိ |
| သီးစားခ | အဓိက | အာဇာနည် | အာဏာနီ |
| စည်စည်ကားကား | ညီညီညာညာ | ပီပီသသ | အနီးအနား |

ပါတီဟာ အမိ
ပါတီဟာ အဖ
သတိရပါ။

ပါတီအသိ
ပါတီစကား
အဓိကထားပါ။

ညီညီညာညာ
စီထားပါ။
အဆီးအတား
သတိထား။

စားပြီးပြီလား
စားပြီးပါပြီ။
နားလည်ပြီလား
နားလည်ပါပြီ။
သိပြီလား
သိပါပြီ။

# သင်ခန်းစာ (၄)

| | | |
|---|---|---|
| —ု | —ူ | —ူး |
| ဥ | ဦ | ဦး |

| | | | | | |
|---|---|---|---|---|---|
| အု | အူ | အူး | ထု | ထူ | ထူး |
| ကု | ကူ | ကူး | ပု | ပူ | ပူး |
| ခု | ခူ | ခူး | မု | မူ | မူး |
| တု | တူ | တူး | ယု | ယု | ယူး |



လူ

တူ





ဘူးသီး

အာလူး



| | | | |
|---|---|---|---|
| ခူ | ဆူး | ဒူး | သူ |
| တခု | နဖူး | အတု | ဥတု |
| ခရု | ကူညီ | လူထု | လူနာ |
| တူညီသည် | စုစည်းသည် | အကူအညီ | အယူအဆ |

လူထုဟာ ဆရာ၊
ပညာယူပါ။
လူထုဟာ အားထားစရာ၊
အကူအညီယူပါ။

တူတူညီညီ
စုစည်းသည်။
ပါတီက
ကူညီသည်။


ဗူးသီးခူးသလား။
မခူးပါဘူး။
ဆားယူမလား။
မယူပါဘူး။

သူလာသလား။
မလာပါဘူး။
သူ့ဆီက
ထီးယူလာပါ။


# သင်ခန်းစာ (၅)

ေ—့ ေ— ေ—း


| | | | | | |
|---|---|---|---|---|---|
| အေ့ | အေ | အေး | ပေ့ | ပေ | ပေး |
| ကေ့ | ကေ | ကေး | မေ့ | မေ | မေး |
| ဆေ့ | ဆေ | ဆေး | ရေ့ | ရေ | ရေး |
| နေ့ | နေ | နေး | လေ့ | လေ | လေး |



ဆေး



ရေဗူး



လေထီး

| | | | |
|---|---|---|---|
| ဈေး | နေ | ရေ | လေ |
| ကေဒါ | မလေ့ | နေရာ | ဦးလေး |
| မနေ့က | ဆေးဆရာ | နေပူပူ | လေ့လာရေး |
| အပေးအယူ | အရေးအသား | နေရာတကာ | အားပေးစကား |

ခရီးဝေးက လာပါသလား။
အေးအေးဆေးဆေး
အနားယူပါ။
နေပူပါက ရေဗူးမမေ့ရ။


လေ့လာရေးစပြီ။
မသိတာ မေးပါ။
စာရေးပြီးပြီလား။
ရေးပြီးပါပြီ။

အာဏာနီဒေသ သာသာယာယာ၊
လူထုက ညီညီညာ။
ပါတီစကား အလေးထား၊
လူထုအား လေးစား။


ဆရာမ ဆေးပေးနေသည်။
အကူအညီပေးပါ။
လူနာ မူးနေသည်။
လူနာအား ထူပေးပါ။

# သင်ခန်းစာ (၆)


| —ဲ့ | —ယ် | —ဲ | | | |
|---|---|---|---|---|---|
| အဲ့ | အယ် | အဲ | နဲ့ | နယ် | နဲ |
| ခဲ့ | ခယ် | ခဲ | မဲ့ | မယ် | မဲ |
| တဲ့ | တယ် | တဲ | ရှဲ့ | ရယ် | ရဲ |
| ထဲ့ | ထယ် | ထဲ | လဲ့ | လယ် | လဲ |



ထယ်



ဘဲ



ပဲသီး

| | | | |
|---|---|---|---|
| ခဲ | တဲ | သဲ | လယ် |
| ရေခဲ | ပဲစေ့ | ဘဲဥ | နှဲနှဲ |
| အခဲ | အထဲ | လယ်တဲ | ကယ်ဆယ် |
| ဖရဲသီး | အမဲသား | လယ်သမား | နှီနှီရှဲရှဲ |

ကလေးငယ်
တဲထဲလဲနေတယ်။
အားမငယ်ပါစေနဲ့။
ဆေးယူခဲ့မယ်။

ဧည့်သည် လာနေတယ်။
ဘယ်နယ်က လာပါသလဲ။
ဝနယ်ကလား။
ဘာယူလာသေးလဲ။

ဒီနေ့ ဈေးနေ့ဘဲ။
ဘာဝယ်မလဲ။
ဆားနဲ့နှံ့ဝယ်မယ်။
တပိသာ ဘယ်ဈေးလဲ။


ဘဘ ဘယ်ကလာသလဲ။
လယ်ထဲက လာတယ်။
ဘာယူခဲ့သလဲ။
ထယ်ယူခဲ့တယ်။

# သင်ခန်းစာ (၇)


ေ—ာ့ ေ—ာ် ေ—ာ

ေ—ါ့ ေ—ါ် ေ—

| | | | | | |
|---|---|---|---|---|---|
| အော့ | အော် | အော | ဒေါ့ | ဒေါ် | ဒေါ |
| စော့ | စော် | စော | ပေါ့ | ပေါ် | ပေါ |
| ဆော့ | ဆော် | ဆော | မော့ | မော် | မော |
| တော့ | တော် | တော | သော့ | သော် | သော |



သော့



မော်တော်ကား

| | | | |
|---|---|---|---|
| တော | အပေါ် | ရောဂါ | လောဘ |
| ရဲဘော် | အဖော် | အဒေါ် | လယ်တော |
| ဒေါသ | ဥဩ | သဘောထား | ကော်မီတီ |
| စောစောထ | ပေါ်လစီ | သဘောတရား | ပေါ့ပေါ့ဆဆ |

ပါတီရဲ့ပေါ်လစီ
အတော် နားလည်လာပီ။
သဘောတရားလေ့လာရေး
မပေါ့ဆပါနဲ့။

မစောတော့ဘူး။
တောထဲက လာပါတယ်။
ကဇော့ခါးသီးခူးခဲ့တယ်။
ဒေါ်ဒေါ်ယူပါ။

ဘာရောဂါလဲ။
ဆေးဆရာခေါ်ပါ။
ဆေးဖော်ရမယ်။
နေ့ရောညပါစားပါ။

ကလေးငယ် ဆော့နေတယ်။
တော်တော်မောနေပီ။
သူအော်နေတယ်။
အဖော်ခေါ်ပေးပါ။

# သင်ခန်းစာ (၈)


| | | |
|---|---|---|
| —န့် | —န် | —န်း |
| —ံ့ | —ံ | —မ်း |


| | | | | | |
|---|---|---|---|---|---|
| အန့် | အန် | အန်း | အံ့ | အံ | အမ်း |
| ဆန့် | ဆန် | ဆန်း | ဆံ့ | ဆံ | ဆမ်း |
| တန့် | တန် | တန်း | တံ့ | တံ | တမ်း |
| လန့် | လန် | လန်း | လံ့ | လံ | လမ်း |



ပန်း

အလံ





ဆေးတံ

| | | | |
|---|---|---|---|
| ကန့် | သံ | ဆန် | လန်း |
| အနံ့ | အခန်း | ခဲတံ | ပေတံ |
| ရန်သူ | တာဝန် | ဆရာဝန် | ရေနံဆီ |
| ဝေဖန်ရေး | အထမ်းသမား | သန်သန်မာမာ | လန်းလန်းဆန်းဆန်း |

ခန်းမထဲက အသံ
ဘာသံလဲမေး။
စုဝေးရန် ခရာသံပေး၊
လူထုအစည်းဝေး။

ဆန်ထမ်းလာတယ်။
မောပန်းနေသလား။
စခန်းနဲ့နီးလာပြီ။
လန်းလန်းဆန်းဆန်းပါဘဲ။


လူနာ ထမ်းလာတယ်။
ဒဏ်ရာရနေတယ်။
ဆရာဝန် လာပြီလား။
ဆေးခန်းထဲ ခေါ်ခဲ့မယ်။

လမ်းဘေးက ရေကန်
ရေခမ်းတော့မယ်။
အရမ်းမဆော့ရဘူး။
ငါးလာဖမ်းပါ။


# သင်ခန်းစာ (၉)

| | | |
|---|---|---|
| —ို့ | —ို | —ိုး |
| —ိုယ့် | —ိုယ် | — |


| | | | | | |
|---|---|---|---|---|---|
| အို့ | အို | အိုး | ဆို့ | ဆို | ဆိုး |
| ကို့ | ကို | ကိုး | တို့ | တို | တိုး |
| ခို့ | ခို | ခိုး | ဒို့ | ဒို | ဒိုး |
| စို့ | စို | စိုး | မို့ | မို | မိုး |



ခို



သိုး



ဒယ်အိုး

| | | | |
|---|---|---|---|
| ဒို့ | အိုး | ပိုး | မိုး |
| အကို | အမိုး | မီးဖို | လူဆိုး |
| သူတို့ | အစိုးရ | အဖိုးအို | မိုးစိုတယ် |
| ဒီမိုကရေစီ | ရှိသေလေးစား | ရိုးရိုးသားသား | ကိုယ့်အားကိုယ်ကိုး |

မိုးလာတော့မယ်၊
လယ်တဲထဲ ခိုနေပါ။
အဖိုးကို မစိုစေနဲ့၊
ရှိရှိသေသေ ခေါ်ခဲ့ပါ။


ကိုယ့်အားကိုယ်ကိုးပါ၊
သူတပါးကို အားမကိုးရ။
တာဝန်ကို လေးစားပါ၊
ရေသာမခိုနဲ့။

လူထုဟာ ရိုးသားတယ်။
လူထုကို အားကိုးရမယ်။
လူထုကို ရှိသေလေးစားရမယ်။
လူထု နိုးထလာပြီ။

ပါတီဟာ ဒို့မိဘ၊
ဒို့သိထားဖို့ပါ။
အရာရာဟာ လူထုဖို့၊
အာဏာနီ ဒို့ထူစို့။

# သင်ခန်းစာ (၁၀)

| ျ | | | ြ | | |
|---|---|---|---|---|---|
| ကျ | ကျာ | ကျား | ပြေ့ | ပြေ | ပြေး |
| ကြ | ကြာ | ကြား | ချဲ့ | ချယ် | ချဲ |
| ချိ | ချီ | ချီး | ကျော့ | ကျော် | ကျော |
| ပြိ | ပြီ | ပြီး | ကျန့် | ကျန် | ကျန်း |
| ကျု | ကျူ | ကျူး | ကြံ့ | ကြံ | ကြမ်း |
| ဖြု | ဖြူ | ဖြူး | ချို့ | ချို | ချိုး |
| ကျေ့ | ကျေ | ကျေး | ကြို့ | ကြို | ကြိုး |



ကြယ်



ကျား

| | | | |
|---|---|---|---|
| ပျား | ကြံ | ကြိုး | လူမျိုး |
| ကျနော် | ကျမ | ကျည်ဆံ | ကြယ်နီ |
| နယ်ချဲ့ | စပါးကျီ | အမျိုးသား | သူနာပြု |
| ကျန်းမာရေး | ချိုချိုသာသာ | ကြိုးကြိုးစားစား | ခြိုးခြိုးခြံခြံ |

ချိုချိုသာသာ ပြောဆိုပါ၊
ကြိုးစားကြစေရာ။
အများအကျိုး သယ်ပိုးမယ်၊
ကိုယ်ကျိုးမကြည့်ပါ။

သာယာစိုပြေ
အေးချမ်းတဲ့ ဒို့နယ်မြေ၊
လူမျိုးအများ ညီညာသလေ၊
မြူးပျော်လို့နေ။

မိုးကျလာပီ၊
မျိုးစပါး ရပီလား။
ပျိုးကြဲကြစို့၊
ခြံကာဖို့ လိုတယ်။


အမေ ဈေးကပြန်လာပီ။
ကြံသကာ ဝယ်လာတယ်။
ကျနော် စားပီးပါပီ။
ညီလေးဘို့လဲ ချန်ထားတယ်။


# သင်ခန်းစာ ( ၁၁ )


ွ　　　ြွ　　　ျွ


ရွှ

| | | | | | |
|---|---|---|---|---|---|
| ကွ | ကွာ | ကွား | ကြွ | ကြွာ | ကြွား |
| ခွေ့ | ခွေ | ခွေး | ချွေ့ | ချွေ | ချွေး |
| လွဲ့ | လွယ် | လွဲ | ချွန့် | ချွန် | ချွန်း |
| စွမ့် | စွမ် | စွမ်း | ကျွမ့် | ကျွမ် | ကျွမ်း |


ကျွဲ

ဇွန်း



ပုလွေ

မြွေ


| | | | |
|---|---|---|---|
| ငွေ | ရွာ | ဇွဲ | ပွဲ |
| သွေးကြွေး | ခွန်အား | စွမ်းရည် | ကြွားဝါ |
| အထွေထွေ | စီးပွားရေး | ဆွေးနွေးပွဲ | မွေးမြူရေး |
| တလွဲတချော် | အကျွေးအမွေး | နွေးနွေးထွေးထွေး | အသွေးအသား |

ဆွေးနွေးပွဲ စတော့မယ်။
တကွဲတပြား မနေကြပါ။
လူမျိုးမရွေး ပါဝင်တယ်။
ညီအကိုပမာ နွေးထွေးတယ်။

ဒို့ကျေးရွာ သာယာတယ်။
ရွာသားတွေ ညီညာတယ်။
ကျွဲနွားတွေ မွေးမြူကြတယ်။
ကိုယ့်ဒူးကိုယ်ချွန်ကြတယ်။


မိုးမရွာ၍ ရေမရပါ။
ရွာသားများ ရေသွယ်နေကြတယ်။
လယ်ထွန်ကြတော့မယ်။
မြေသြဇာစုပေးပါ။

ဗမာစာလွယ်ကူရဲ့လား။
ဇွဲနဲ့ကြိုးစားပါ။
စွဲမြဲစွာလေ့လာပါ။
ထူးချွန်လာမယ်။


# သင်ခန်းစာ (၁၂)

| | |
|---|---|
| ှ | ွှ |
| ြှ | ျှ |

| | | | | | |
|---|---|---|---|---|---|
| ငှ | ငှာ | ငှား | လွှ | လွှာ | လွှား |
| ရှိ | ရှီ | ရှီး | ရွှေ့ | ရွှေ | ရွှေး |
| မှု | မှူ | မှူး | လွှဲ့ | လွှယ် | လွှဲ |
| လှေ့ | လှေ | လှေး | မျှ | မျှာ | မျှား |
| လှဲ့ | လှယ် | လှဲ | မျှော့ | မျှော် | မျှော |
| လှန့် | လှန် | လှန်း | လျှို့ | လျှို | လျှိုး |



လွှ



လှေ

| | | | |
|---|---|---|---|
| မှို | လှုံ | ရွှေ | လှည်း |
| အလွှာ | သူလျှို | ချယ်လှယ် | ရှာဖွေ |
| အလှည့်ကျ | လေးနှဲ့မြှား | ငါးမျှားတံ | တော်လှန်ရေး |
| အလဲအလှယ် | သေးသေးမွှားမွှား | ပျူပျူငှာငှာ | မျှမျှတတ |

တော်လှန်ရေးသမား
အတားအဆီးကို ကျော်လွှားပါ။
တော်လှန်ရေးသတိ အမြဲရှိပါ။
သူလျှိုကို သတိထားပါ။

မြစ်ရေ လျှံနေပြီ။
လှေနှဲ့သွားမလား။
ရေဆန်ကို လှော်ပါက
ဇွဲရှိမှ ရမယ်။

လှည်းတွေ လာနေတယ်။
ရွှေမှာ အလံနီထူထားတယ်။
စပါးလှေ့ရာက ပြန်လာကြတာ၊
အပြန်အလှန် ကူညီကြတယ်။

ဘာရှာသလဲ၊
လွှ ရှာတာပါ။
သူတို့ဆီမှာ ရှိသလား။
ခဏ ငှားသွားမယ်။

# သင်ခန်းစာ ( ၁၃ )


| | | |
|---|---|---|
| —င့် | —င် | —င်း |
| —ဉ့် | —ဉ် | —ဉ်း |
| | —စ် | |

| | | | | | |
|---|---|---|---|---|---|
| ကင့် | ကင် | ကင်း | စဉ့် | စဉ် | စဉ်း |
| မြင့် | မြင် | မြင်း | ယဉ့် | ယဉ် | ယဉ်း |
| ခွင့် | ခွင် | ခွင်း | ချဉ့် | ချဉ် | ချဉ်း |
| ရှင့် | ရှင် | ရှင်း | စစ် | ပစ် | ဖြစ် |
| လွှင့် | လွှင် | လွှင်း | မြစ် | ကျစ် | လှစ် |



ဆင်

မီးခြစ်



| | | | |
|---|---|---|---|
| မီးခြစ် | ဖွင့်လှစ် | စစ်ပွဲ | သစ်ပင် |
| ဆိုရှယ်လစ် | ကွန်မြူနစ် | စစ်ဒေသ | ပစ္စည်းမဲ့ |
| အစစ်အမှန် | ချစ်ချစ်ခင်ခင် | အစဉ်အလာ | ယဉ်ယဉ်ကျေးကျေး |

| | | | |
|---|---|---|---|
| မင် | ယင် | ခြင် | မြင်း |
| မြစ် | အပင် | မြေရှင် | စဉ်းလဲ |
| ဓနရှင် | သတင်းစာ | အရင်းရှင် | ကင်းရဲဘော် |
| ပွင့်ပွင့်လင်းလင်း | ရဲရဲရင့်ရင့် | ပျင်းပျင်းရိရိ | ရှင်းရှင်းလင်းလင်း |

မိုးယံမြင့်မြင့် အလံလွင့်၊
ကြယ်နီ တဝင့်ဝင့်။
ရဲရဲရင့်ရင့် ဆင်ကာနွှဲ၊
ဒို့ပြည်သူ့စစ်ပွဲ။

အဆင်းရဲ အပင်ပန်းခံပါ။
အမှားရှိရင် ပြင်ပါ။
လူထုကြီးနဲ့ ရင်းနှီးပါ။
ဒို့ရဲ့အစဉ်အလာ။

ပျင်းပျင်းရိရိ မနေပါနဲ့။
ကျန်းမာရေးလေ့ကျင့်ပါ။
အရည်အချင်းကို မြှင့်တင်ပါ။
အချင်းချင်း ချစ်ခင်ပါ။

ထမင်းစားပီးပီလား
စားပီးပါပီ။
ဘာဟင်းနဲ့စားပါသလဲ။
မျှစ်ချဉ်ဟင်းနဲ့ စားပါတယ်။
ထမင်းဟင်းကို ယင်မနားပါစေနဲ့။

# သင်ခန်းစာ (၁၄)

| | | |
|---|---|---|
| ေ—ာင့် | ေ—ာင် | ေ—ာင်း |
| —ိုင့် | —ိုင် | —ိုင်း |

| | | | | | |
|---|---|---|---|---|---|
| အောင့် | အောင် | အောင်း | အိုင့် | အိုင် | အိုင်း |
| ကောင့် | ကောင် | ကောင်း | ကိုင့် | ကိုင် | ကိုင်း |
| ခေါင့် | ခေါင် | ခေါင်း | ပိုင့် | ပိုင် | ပိုင်း |
| ချောင့် | ချောင် | ချောင်း | ချိုင့် | ချိုင် | ချိုင်း |
| ကြောင့် | ကြောင် | ကြောင်း | ကြိုင့် | ကြိုင် | ကြိုင်း |
| ရှောင့် | ရှောင် | ရှောင်း | နှိုင့် | နှိုင် | နှိုင်း |

| | | | |
|---|---|---|---|
| တောင် | မြောင်း | ကျောင်း | ချောင်း |
| ဆိုင် | တိုင် | အိုင် | မြိုင် |
| ရောင်နီ | အောင်ပွဲ | ခေါင်းဆောင် | ပြောင်းဖူး |
| ခရိုင် | ဒိုင်နယ် | တိုင်းပြည် | သစ်ကိုင်း |

| | | | |
|---|---|---|---|
| အဟောင်း | အလင်းရောင် | သူရဲကောင်း | ချောင်တခင် |
| ဖယောင်းတိုင် | ထမင်းချိုင့် | နေထိုင်မှု | စစ်နိုင်ရေး |
| အကောင်အထည် | အရောင်းအဝယ် | ချောင်းကူးတံတား | အပြောင်းအလဲ |
| တိုင်တိုင်ပင်ပင် | ပိုင်ပိုင်နိုင်နိုင် | ရှိုင်းရှိုင်းစိုင်းစိုင်း | မြိုင်မြိုင်ဆိုင်ဆိုင် |

ကျောင်းသွားစို့ညီညီ၊
ခေါင်းလောင်းထိုးပြီ။
စာကောင်းကောင်းသင်မည်။
တာဝန်တွေထမ်းဆောင်မည်။

ပါတီက ခေါင်းဆောင်တယ်။
အလင်းရောင်ပေးတယ်။
လူထု နိုးကြားလာပြီ။
သမိုင်းကိုဖန်တီးတာ လူထုပါ။

စံနစ်ဟောင်းကို ဖြိုသည်။
ပြည်သူတို့ အောင်ပွဲခံသည်။
အခြေခံဒေသ ခိုင်မာသည်။
ဒေသသစ်များ တိုးချဲ့သည်။

မောင်းသံ ကြားရသည်။
ထောင်ကာ ကတော့မည်။
လူမျိုးအပေါင်း သွေးစည်းညီ။
အောင်ပွဲရလို့ ပျော်ကြသည်။

# သင်ခန်းစာ (၁၅)

—က် —ိုက် ေ—ာက်


| | | | | | |
|---|---|---|---|---|---|
| စက် | ကြက် | ကိုက် | လိုက် | နောက် | မြှောက် |
| လက် | ကြွက် | စိုက် | ချိုက် | ရောက် | နှောက် |
| ချက် | ရှက် | တိုက် | ကြိုက် | ကြောက် | လောက် |
| ခွက် | လျှက် | ပိုက် | လှိုက် | မြောက် | အောက် |



ငှက်

ရေခွက်





အမြောက်

မျောက်



| | | | |
|---|---|---|---|
| စက် | ကြက် | ကြွက် | မျောက် |
| ပြောက်ကျား | လက်နက် | တိုက်ပွဲ | တိုက်ရိုက် |
| သမဂ္ဂ | တက္ကသိုလ် | စိုက်ပျိုးရေး | တိုက်ဖျက်ကြ |
| အခက်အခဲ | ပဋိပက္ခ | အနှောက်အယှက် | လှိုက်လှိုက်လှဲလှဲ |

ကျည်ဆံတတောင့်
ရန်သူတယောက်၊
ရန်သူ့လက်နက်
ဒို့လက်နက်။


အခက်အခဲကို မကြောက်၊
ပင်ပန်းမှုကို မကြောက်၊
အသက်စွန့်ရန် မကြောက်၊
ရန်သူကို ဒူးမထောက်။

သမဂ္ဂက ဦးစီးတယ်။
ကောက်စိုက်သွားကြမယ်။
ခမောက် ကိုယ်စီ ယူခဲ့တယ်။
ပျိုးလဲ လောက်ပါတယ်။

နှီးထိုးတောင်းယက် သင်ယူပါ။
လက်တွေ့လေ့ကျင့်ပါ။
မားကို ထက်အောင်သွေးပါ။
အပျက်အစီး နဲပါစေ။

## သင်ခန်းစာ ( ၁၆ )


| —တ် | | —ပ် | |
|---|---|---|---|
| ကတ် | မြတ် | ကပ် | ကျပ် |
| ဖတ် | လွတ် | ရပ် | ဖွပ် |
| ဝတ် | မှတ် | ဝပ် | ကြွပ် |
| သတ် | လွှတ် | သပ် | ညှပ် |



ကပ်ကျေး



သေနတ်



ဖိနပ်

| | | | |
|---|---|---|---|
| တပ် | သပ် | အပ် | ဆပ်ပြာ |
| ဖတ်စာ | လှံစွပ် | မှတ်စု | ယပ်တောင် |
| အနာဂါတ် | တပ်မတော် | ရပ်တည်ချက် | လွတ်မြောက်ရေး |
| အတတ်ပညာ | စေ့စေ့စပ်စပ် | တပ်ရင်းတရင်း | ဖျတ်ဖျတ်လတ်လတ် |

ပစ္စည်းငှားရင် ပြန်အပ်ပါ။
အပ်တချောင်းချည်တမျှင် မယူပါ။
တပ်မတော်သား ပီသတယ်။
ဖြောင့်မတ်တည်ကြည်တယ်။

တပ်နဲ့ပြည်သူ ချစ်ခင်စွာ၊
နီးနီးကပ်ကပ် နေထိုင်ပါ။
အဝတ်လျှော်ရာ ရေခပ်ရာ၊
ဝိုင်းဝန်းကူညီပါ။


ဒို့တပ်မတော် ချီလာပြီ။
လွတ်မြောက်ရေးအတွက်ရည်ရွယ်သည်။
သွက်လက် ဖျတ်လတ် ညီညာသည်။
ပြည်သူ့ဘက်ကရပ်တည်မည်။

အရေးအဖတ် တတ်အောင်သင်မယ်။
စေ့စေ့စပ်စပ် လေ့လာတယ်။
ဖတ်စာထဲက သင်ခန်းစာ၊
စွဲစွဲမြဲမြဲ မှတ်သားပါ။

# သင်ခန်းစာ ( ၁၇ )

| | |
|---|---|
| —ိတ် | —ိပ် |
| —ုတ် | —ုပ် |

| | | | |
|---|---|---|---|
| စိတ် | စိပ် | ထုတ် | လုပ် |
| ရိတ် | ရိပ် | ဖြုတ် | ချုပ် |
| ကြိတ် | အိပ် | မှုတ် | လှုပ် |
| မှိတ် | နှိပ် | နှုတ် | မြှုပ် |



ဦးထုပ်

လွယ်အိတ်





အလုပ်သမား

| | | | |
|---|---|---|---|
| အရိပ် | ကိစ္စ | စိတ်ဓာတ် | လုပ်ဟန် |
| ကတုတ် | စာအုပ် | ရေမှုတ် | သစ်ငုတ် |
| သပိတ်မှောက် | ဦးထိပ်ပန် | ဖိနှိပ်မှု | လှုပ်ရှားမှု |
| သွေးစုတ်မှု | ထုတ်လုပ်ရေး | ရုပ်ဝါဒ | အုပ်ချုပ်ရေး |
| အတိတ်ကာလ | အပတ်တကုပ် | အချုပ်အလုပ် | သိပ်သိပ်သည်းသည်း |

ထုတ်လုပ်ရေးမှာ ပါဝင်ပါ၊
လုပ်အားမြတ်နိုးပါ။
ရိုးရိုးကုပ်ကုပ်နေထိုင်တာ၊
လုပ်သားပြည်သူ အစဉ်အလာ။

တောင်ယာ အတူခုတ်လို့၊
ပေါင်းအတူနုတ်ကာ၊
စပါးတွေ အတူရိတ်လို့၊
စပါးတွေ အတူကြိတ်ဖို့၊
အားထုတ်ပါစို့။

စစ်အစိုးရ ဖိနှိပ်သွေးစုတ်တယ်။
စားဝတ်နေရေးကြပ်တည်းတယ်။
အလုပ်သမားတွေ သပိတ်မှောက်တယ်။
စိတ်ဓာတ်တက်ကြွနေကြတယ်။


ရန်တက် ငါဆုတ်၊
ရန်နား ငါရှုပ်၊
ရန်ပန်း ငါတိုက်၊
ရန်ပြေး ငါလိုက်၊
စစ်အစိုးရကို အပြုတ်တိုက်။

# သင်ခန်းစာ ( ၁၈ )


—ိမ့်　　—ိမ်　　—ိမ်း

—ိန့်　　—ိန်　　—ိန်း

| | | | | | |
|---|---|---|---|---|---|
| အိမ့် | အိမ် | အိမ်း | ထိန့် | ထိန် | ထိန်း |
| သိမ့် | သိမ် | သိမ်း | မှိန့် | မှိန် | မှိန်း |
| ခြိမ့် | ခြိမ် | ခြိမ်း | ချိန့် | ချိန် | ချိန်း |
| နှိမ့် | နှိမ် | နှိမ်း | ရှိန့် | ရှိန် | ရှိန်း |



အိမ်



ပုဆိန်

| | | | |
|---|---|---|---|
| မိုးတိမ် | နှိမ့်ချ | ထိန်းသိမ်း | နှိမ်နင်း |
| အမိန့် | အချိန် | ချိန်ခွင် | လိမ္မော်သီး |
| အစိမ်းရောင် | အကြိမ်ကြိမ် | မိုးခြိမ်းသံ | ငြိမ်းချမ်းရေး |
| အထိမ်းအမှတ် | တည်တည်ငြိမ်ငြိမ် | လိမ်လိမ်မာမာ | ခြိမ့်ခြိမ့်သဲသဲ |

လုပ်ဟန်ကောင်းကို ထိန်းသိမ်းပါ၊
နှိမ့်နှိမ့်ချချ လေ့လာပါ။
အမိန့်ကို လိုက်နာပါ၊
တည်ငြိမ်မှု ရှိရမယ်။

ပစ်ကွင်းတည့်တည့်ချိန်ပါ၊
ငြိမ်ငြိမ်သက်သက်နေပါ။
အကြိမ်ကြိမ်လေ့ကျင့်ပါ၊
လက်ဖြောင့်လာလိမ့်မယ်။

ရေတိမ်ပါတယ်၊
ငါးကိုမှိန်းနဲ့ထိုးပါ။
တအိမ်သားလုံး စားနိုင်တယ်။
ရေတော်သီးစိမ်းနဲ့ ချက်ပါ။

ကောက်ရိတ်သိမ်းပွဲ ကျင်းပမယ်။
တပ်နဲ့ပြည်သူ ချစ်ကြည်တယ်။
ကလေးငယ်များ ယိမ်းကတယ်။
အထိမ်းအမှတ်နေ့မို့ ပျော်ကြတယ်။

# သင်ခန်းစာ( ၁၉ )


| | | |
|---|---|---|
| —ုန့် | —ုန် | —ုန်း |
| —ုံ့ | —ုံ | —ုံး |


| | | | | | |
|---|---|---|---|---|---|
| ကုန့် | ကုန် | ကုန်း | သုံ့ | သုံ | သုံး |
| ပုန့် | ပုန် | ပုန်း | ကြုံ့ | ကြုံ | ကြုံး |
| ဖြုန့် | ဖြုန် | ဖြုန်း | ရှုံ့ | ရှုံ | ရှုံး |
| မှုန့် | မှုန် | မှုန်း | လှုံ့ | လှုံ | လှုံး |



ဘောလုံး


လက်ပစ်ဗုံး





ထိုင်ခုံ

စက်ရုံ



| | | | |
|---|---|---|---|
| မုံ့ | ယုံ | ရုံး | ပန်းကုံး |
| ရေပုံး | လုံ့လ | ထုံးစံ | သုံ့ပန်း |
| တဟုန်ထိုး | ချေမှုန်းရေး | ကုန်ပစ္စည်း | လုံခြုံရေး |
| အရှုံးအနိုင် | အဆုံးအဖြတ် | စည်းစည်းလုံးလုံး | အကုန်အစင် |

ရန်သူ ကြောက်ဒူးတုန်နေသည်။
တယောက်မကျန် ချေမှုန်းကြ။
လက်နက်ချရင် မသတ်ဘူး။
သုံ့ပန်းတွေကို မညှဉ်းဆဲပါ။

စစ်အစိုးရကို မုန်းတီးကြတယ်။
ဖိနှိပ်မှုကို ခေါင်းငုံ့မခံပါ။
အလုပ်သမားတွေ ပုန်ကန်တယ်။
လယ်သမားတွေ အုံကြွကြတယ်။
မုန်တိုင်းလို ပြင်းထန်တယ်။

ဘောလုံးပွဲ စပြီ။
စုရုံးကစားကြတယ်။
အရှုံးအနိုင် အဓိက မထားပါ။
အားလုံး ပျော်ကြတယ်။

ဘုံလယ်စိုက်ပြီးပြီလား။
တုံးမောင်းခေါက်ပြီ။
လူအားလုံးစုံပြီလား။
မြို့နယ်ရုံးကို သွားကြမယ်။

# သင်ခန်းစာ (၂၀)

ရဲဘော် ခင်ဗျားနာမယ် ဘယ်လိုခေါ်သလဲ။
ကျနော့် နာမယ် ရဲဘော်အိုက်ဆန်းပါ။
ခင်ဗျား ဘယ်တပ်ကလဲ။
ခရိုင်တပ်ကပါ။
အခု ဘယ်သွားမှာလဲ။
ဈေးကို သွားမလို့ပါ။
ဘာဝယ်မလို့လဲ။
ဗလာစာအုပ် သွားဝယ်မလို့ပါ။
မစောလွန်းဘူးလား။
မစောပါဘူး၊ ဈေးစည်နေပါပြီ။
စာအုပ်က ဘာရေးမလို့လဲ။
ဗမာစာ ရေးမလို့ပါ။
ဗမာစာ အတော်တတ်ပြီလား။
နဲနဲပါးပါးတော့ ရေးတတ်ဖတ်တတ်ပါပြီ။
ဗမာစာသင်ရတာ အတော်ခက်သလား။
မခက်ပါဘူး၊ များများလေ့ကျင့်ရင် တတ်မှာပါ။
ဟုတ်တယ်ဗျာ၊ ဆက်ကြိုးစားပါ။
ဟုတ်ကဲ့၊ ကျနော်သွားပါအုံးမယ်။

၁ - တစ်

တစ် နှစ် ၊ တော်လှန်စစ်

၂ - နှစ်

၃ - သုံး

သုံး လေး ၊ စစ်နိုင်ရေး

၄ - လေး

၅ - ငါး

ငါး ခြောက် ၊ ရဲရဲတောက်

၆ - ခြောက်

၇ - ခုနစ်

ခုနစ် ရှစ် ၊ ချိန်ရွယ်ပစ်

၈ - ရှစ်

၉ - ကိုး

ကိုး တဆယ် ၊ ချေမှုန်းမယ်။

၁၀ - တဆယ်

★

## တင်းတောင်းကြီး

တင်းတောင်းကြီး　　တင်းတောင်းကြီး
မြေရှင်အိမ်က　　တင်းတောင်းကြီး။

ဒီတင်းတောင်းကြီး　　ရောက်လေရာ
သွေးချွေးမျက်ရည်　　ကျရတာ။

ကျွဲနွားလယ်ယာ　　သီးနှံများ
တစေ့မကျန်　　လုယူသွား။

လုယူခဲ့တာ　　နှစ်ရှည်ကြာ
ဘိုးဘွားစဉ်ဆက်　　လက်ဗလာ။

တင်းတောင်းရှင်က　　ဗိုက်တွေကား
မွဲပြာကျတာ　　ဒို့လယ်သမား။

ဒို့လယ်သမားတွေ　　ရုန်းထနေ
မြေရှင်စနစ်　　ဖြိုဖျက်နေ။

တင်းတောင်းကြီးတွေ　　ဖယ်ကာရှား
တူတံဇင်အောင်လံ　　လွှင့်စို့လား။

## ပြည်သစ်ဆောက်တည်

ဘုံရန်သူ စစ်အစိုးရ
ချေမှုန်းကြ ကုန်အစင်
ဇွဲနဲ့ သတ်သင်။

ဒို့ တိုက်ပွဲဆင်
လွတ်မြောက်ဖို့ အရေး။

ဒို့ တိုင်းပြည်
ပြည်သစ်ဆောက်ဖို့
ကြိုးစားစို့လေး။

# ခရာသံကလေး

ခရာသံလေး　　တတီတီ
ညီညီညာညာ　　ဒို့တန်းစီ၊
သတိသက်သာ　　ဘယ်ညာညှိ
ရှေ့ကိုတည့်တည့်ကြည့်။

ခရာသံလေး　　တတီတီ
ညီညီညာညာ　　ချီတက်မည်
ဘယ်လှည့်ညာလှည့်　　မြန်မြန်သွား
ရဲမာန်ဝင့်ဝင့်ကြွား။

## ပြည်သူ့စွမ်းအား

ဖိရင်ကြွ
ထိရင်ချ
လက်နက်ကိုင်ကြ၊ တော်လှန်ကြ။

သေမှာမကြောက်
ဒူးမထောက်
သစ္စာမဖောက်၊ ရဲရဲတောက်။

အဟောင်းဖြိုပစ်
ကမ္ဘာသစ်
အသစ်တည်မှာ၊ ပြည်သူသာ။

★

## ရဲဘော် နီတောင်း *

ရဲဘော် နီတောင်း
သူ့ရဲကောင်း
တိုက်ပွဲ သူ့ရဲကောင်း

ဖောက်ခွဲရေးမှာ
ကျွမ်းကျင်ကာ
စံပြရဲဘော်ပါ။

တော်လှန်ရေးကို
ဦးထိပ်ထား
သက်စွန့် ကြိုးပမ်းသွား။

---

*၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပွားသော စစ်ခလာတိုက်ပွဲ၌ ကျဆုံးသွားသည့် အာဇာနည်ရဲဘော် ဖြစ်သည်။

# ဘဝ လွှတ်မြောက်လမ်း

အရှေ့ဆီက နေမင်းနီ
ထွက်ပေါ်လာနေပြီ၊
ဒို့ပြည်သူကို ရောင်ခြည်ဖျန်း
ဘဝလွှတ်မြောက်လမ်း။

မခွက်စ် လီနင် မော် လမ်းညွှန်တာ
စွဲမြဲဆုပ်ကိုင်ပါ။
သေနတ်ထဲက အာဏာထွက်
လွှတ်မြောက်လမ်းကိုတက်။

ကွန်မြူနစ်ပါတီ ရှေ့ဆောင်ပြီ
ဒို့ တပ်မတော်ကြီးချီ၊
တပ်ပေါင်းစုဖွဲ့ ဆင်ကာနွဲ
အောင်ပွဲမုချမလွဲ။